ကာကွယ်ရေးဝန်ကြီးဌာန

စစ်ရေးသတင်းအကျဉ်းချုပ်

Date -11/4/2022

စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

ကချင်ပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၀)ရက်နေ့ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ဖားကန့်မြို့ရှိ ကျောက်စိမ်းတံတားအစောင့် ရဲကင်းစခန်းကို ဒေသခံကာကွယ်ရေးတပ်ဖွဲ့မှ သွားရောက်တိုက်ခိုက်ခဲ့ရာ စကစလက်အောက်ခံ ရဲ (၃) ဦး ထက်မနည်း ထိခိုက်ဒဏ်ရာရခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၀)ရက်နေ့ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ လေးကေ့ကော်မြို့သစ်တိုက်ပွဲ၌ စကစ တပ်သား ၄၀ ဦး သေဆုံးခဲ့ပြီး ခမရ (၂၀၇) မှတပ်ခွဲမှူးဗိုလ်ကြီး တင်လင်းနိုင် ကိုဖမ်းဆီးရမိခဲ့သည့်အပြင် လက်နက်ခဲယမ်းများအနေဖြင့် MA 3 (၅) လက်၊ MA 2 (၁) လက်၊ MA Sniper (၁) လက်၊ RPG.7 (၁) လက်၊ MA ကျည်ဘောက် (၉) ခုတို့ကို သိမ်းဆည်းရရှိခဲ့ကာ Cobra စစ်ကြောင်းမှ ရဲဘော်နှစ်ဦး (၂) ကျဆုံးခဲ့သည်။ တိုက်ပွဲတွင် စကစ မှလေယာဉ်များဖြင့် ဗုံးကြဲခြင်း၊ အမြောက်လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းကြောင့် ပြည်သူပိုင် နေအိမ်အလုံး ၃၀ ခန့်ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သိရသည်။
- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၀) ရက်နေ့ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ လေးကေ့ကော်ဒေသအတွင်း စကစတပ်နှင့် KNLAတပ်ဖွဲ့ ကော်ဘရာစစ်ကြောင်း တို့အကြား တိုက်ပွဲအပြင်းအထန် ဖြစ်ပွားခဲ့ရာ မြွေဟောက်စစ်ကြောင်းမှ ရဲဘော် မော်ကွန်းသစ် ကျဆုံးခဲ့ပြီး စကစတပ်မှ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှု၌ ဓါတုဗုံးဟု ယူဆရသည့် ဗုံးများပါဝင်ခဲ့ပြီး အဝါရောင်အမှုန့်များ လေထဲလွင့်ပျံနေ၍ ထူးဆန်းသည့် အနံ့တစ်မျိုးကြောင့် ရဲဘော်တစ်ချို့ မူးဝေသည့် ဝေဒနာများ ခံစားခဲ့ရကြောင်း သိရသည်။

ကရင်နီ(ကယား)ပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၀)ရက်နေ့ ကရင်နီ(ကယား)ပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ လွိုင်ကော်မြို့ရှိ စကစ၏ ခလရ (၂၆၁) တပ်ကင်းပုန်းကို KNDF/B-12 မှ စနိုက်ပါဖြင့် သွားရောက်ပစ်ခတ်ခဲ့ရာ စကစဘက်မှ ၁ ဦး သေဆုံးခဲ့ပြီး အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

<u>စစ်ကိုင်းတိုင်း</u>

- ၂၀၂၂ခုနှစ်၊ ဧပြီလ (၁၀)ရက်နေ့ စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်၊ နတ်ချောင်းကျေးရွာရှိ စကစ တပ်ဖွဲ့နှင့် ကလေးမြို့နယ်ပကဖ၊ ကလေးခရိုင်PDFတပ်ရင်း၊ CNDF၊ CDF-KKG၊ PKDF ပူးပေါင်းအဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ရာ စကစဘက်မှ သေဆုံးမှုများရှိခဲ့ကြောင်း သိရသည်။

<u>မွန်ပြည်နယ်</u>

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၀)ရက်နေ့ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ အဝန်းကြီး ကျေးရွာအတွင်း အိမ်စီး ကား ၃ စီး ဖြင့်ရောက်နေသည့် စကစတပ်သားအင်အား ၂၀ ဦးခန့်ကို KNU၊ ဘီးလင်း ပကဖနှင့် TPDF တို့မှ သွားရောက်ပစ်ခတ်ရာ စကစတပ်သား ၂ ဦး ထိခိုက်ဒဏ်ရာ ရရှိသွားကြောင်း သိရသည်။
- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၁)ရက်နေ့ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် အထွက် ဘီးလင်းတိုးဂိတ် အဟောင်းဖြစ်သည့် ရွှေသံလွင်တိုးဂိတ်ကို စောင့်ကြည့်စစ်ဆေးနေသည့် စကစတပ်များကို PDF အမှတ်(၂)တပ်ရင်းနှင့် KNLA တပ်ရင်း(၂)၊ ခွဲ(၂) ပူးပေါင်းတပ်ဖွဲ့များ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ စကစဘက်မှ ထိခိုက်မှုများရှိခဲ့ကြောင်း သိရသည်။
- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၁)ရက်နေ့ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ကျိုက္ခမီလမ်းမကြီးပေါ်ရှိ စကစ လက်အောက်ခံအမှတ် (၅၆၅) တပ်ထိန်းတပ်ကို မော်လမြိုင်မြို့နယ် ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့ဝင် များမှ ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ စကစတပ်သား ၂ ဦး သေဆုံး၍ အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

စစ်ကောင်စီကျူးလွန်သော ရာဇဝတ်မှုများ

<u>ကရင်နီ(ကယား)ပြည်နယ်</u>

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၁)ရက်နေ့ ကရင်နီ(ကယား)ပြည်နယ်၊ ဖရူဆိုမြို့နယ်၊ ထီးသော်ကူးနှင့် ကဒါးလား ကျေးရွာအနီးတဝိုက်တွင် စကစက မိုင်းများထောင်ထားခဲ့သဖြင့် ဆိုင်ကယ်ဖြင့် ပြန်လာသည့် စစ်ရှောင်ပြည်သူ (၂) ဦး မိုင်းထိခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

<u>စစ်ကိုင်းတိုင်း</u>

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၀)ရက်နေ့ စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်၊ ကလေးမြို့ပေါ်တွင် စကစ တပ်သားများက ရမ်းသမ်းပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူ (၂)ဦး သေဆုံးခဲ့ကြောင်း သိရသည်။

<u>မကွေးတိုင်း</u>

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၀)ရက်နေ့ မကွေးတိုင်း၊ ပေါက်မြို့နယ်တောင်ပိုင်း၊ ဇီးတောရွာ၌ စကစတပ်ဖွဲ့များက ဝင်ရောက်စီးနင်း၍ မီးရှို့နေပြီး ပြည်သူ ၇၀ ကျော်ကိုလည်း ဖမ်းဆီးထားကြောင်း သိရသည်။
- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၁)ရက်နေ့ မကွေးတိုင်း၊ ဆိပ်ဖြူမြို့နယ်၊ ရှားလှကျေးရွာရှိ နေအိမ်များကို စကစများက မီးရှို့နေကြောင်း သိရသည်။
- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၁)ရက်နေ့ မကွေးတိုင်း၊ ပေါက်မြို့နယ်၊ တောင်ချိုကျေးရွာရှိ နေအိမ်များကို စကစများက မီးရှို့နေကြောင်း သိရသည်။

<u>မန္တလေးတိုင်း</u>

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၁)ရက်နေ့ မန္တလေးတိုင်း၊ မတ္တရာမြို့နယ်၊ ကင်းကျေးရွာ၌ စကစများက (၉.၄.၂၀၂၂)ရက်နေ့တွင် လူနေအိမ်များကို မီးရှို့ခဲ့သော မီးလောင်ပြင်မှ အပုပ်နံ့ထွက်၍ လိုက်ရှာခဲ့ကြရာ မီးလောင်ကျွမ်းထားသော ရုပ်အလောင်း ၂ လောင်းတွေ့ရှိခဲ့ပြီး သေဆုံးသူများမှာ အသက်(၅၀)ကျော်အရွယ် ဦးကျော်စိုးနှင့် အသက်(၂၉)နှစ်အရွယ် ကိုရာဇာမင်းတို့ ဖြစ်ကြောင်းသိရသည်။

<u>ရန်ကုန်တိုင်း</u>

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၁)ရက်နေ့ ရန်ကုန်တိုင်း၊ ကော့မှူးမြို့နယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းဒေသကြီးအမှတ် (၂) လွှတ်တော် ကိုယ်စားလှယ် ဦးဇော်မင်းအောင်၏ နေအိမ်ကို စကစမှ လာရောက်ချိတ်ပိတ်ခဲ့ကြောင်း သိရသည်။

<u>ဧရာဝတီတိုင်း</u>

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၈)ရက်နေ့ ဧရာဝတီတိုင်း၊ ပုသိမ်မြို့နယ်၊ ပုသိမ်တက္ကသိုလ်မှ ဥပဒေ စတုတ္ထနှစ် ကျောင်းသား ကိုအောင်သက်ပိုင် အားပုသိမ်ထောင်တွင်း တရားရုံးမှ ပုဒ်မ၅၀၅(က)နှင့် ထောင်ဒဏ် ၂နှစ် ချမှတ်လိုက်ကြောင်း သိရသည်။